**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**သီးနှံကာကွယ်ရေးဌာနခွဲ**

စာအမှတ် ၊ PPD – ၀၁ /၂၀၂၄ ( ၃၄၆ )
ရက်စွဲ ၊ ၂၀၂၄ခုနှစ်၊ဩဂုတ်လ ၂၂ ရက်

အကြောင်းအရာ။ **ပင်လယ်နှင့်အနီးတဝိုက် ရေကြီးနစ်မြုပ်ဒဏ်ခံရသော မိုးစပါးစိုက်ခင်းများတွင် ကျရောက်တက်သော ဖောင်စီးဂဏန်း ကြိုတင်ကာကွယ်နိုင်ရန် သတိပေးချက် (Early Warning)ထုတ်ပြန်ခြင်း**

၁။ ရာသီဥတုပြောင်းလဲလာခြင်းကြောင့် ရေကြီးနစ်မြုပ်ဒဏ်ခံရသော ပင်လယ်နားနီး မိုးစပါး သီးနှံစိုက်ခင်းများ၌ ဖောင်စီးဂဏန်းများ အချိန်မရွေးကျရောက်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ မိမိတို့၏ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း စိုက်ပျိုးထားရှိသော မိုးစပါး သီးနှံ စိုက်ခင်းများတွင် ဖောင်စီးဂဏန်းများ ကျရောက်နိုင်ပါသဖြင့် ပျက်စီးဆုံးရှုံးမှု မရှိစေရေး ကြိုတင်ကာကွယ်နှိမ်နင်းနိုင်သော နည်းလမ်းများအား အချိန်မီဆောင်ရွက်နိုင်ရန် ကြိုတင်သတိပေးချက်(Early Warning)ပေးပို့ခြင်းနှင့် ထူးခြားဖြစ်စဉ်ဖြစ်ပေါ်မှုများရှိပါက သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)သို့ ချက်ချင်းသတင်းပို့ရန် အကြောင်းကြားပါသည်။

22.8.2024

ဒေါ်လင်း
ညွှန်ကြားရေးမှူး

**တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး(......................)**
**စိုက်ပျိုးရေးဦးစီးဌာန။**

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန
ဒု-ညွှန်ကြားရေးမှူးချုပ်(နည်းပညာ )/ (တိုင်းဒေသကြီး/ ပြည်နယ်)၊ စိုက်ပျိုးရေးဦးစီးဌာန
ရုံးလက်ခံ

## ဖောင်စီးဂဏန်း(ကွန်ပက)ကြိုတင်ကာကွယ်နှိမ်နင်းနည်းလမ်းများ

**ကျရောက်သည့်အချိန်**

ပင်လယ်ကမ်းခြေရှိတိုက်ရိုက်အစေ့ချစိုက်ခင်းများတွင်အညှောင့်ထွက်ချိန်မှတစ်လသားအတွင်း ကျရောက်သည်။ စပါးပင်ထိပ်ဖျားများအားကိုက်ညှပ်ဖျက်ဆီးသည်။ ရေတတ်ချိန်များဖြစ်သော ဝါဆို လကွယ်(၁)ကြိမ်၊ ဝါခေါင်လပြည့်(၁)ကြိမ်၊ ဝါခေါင် လကွယ် (၁)ကြိမ် စုစုပေါင်း(၃)ကြိမ် ကျရောက် တတ်သည်။

**ဖျက်ဆီးပုံလက္ခဏာ**

အပင်ခြေများကို ကိုက်ဖြတ် စားသောက်၍ထို အစိတ်အပိုင်း များအားဂဏန်းများ နေထိုင်ရာ ကျင်းသို့သယ်ဆောင်သဖြင့် ဂဏန်းကျင်းအနီးတွင်အပင်အပျက်အစီးများတွေ့ရသည်။ ကန်သင်း ဘောင် အနီးတွင်ဂဏန်းကျင်းများစွာတွေ့ရပြီးထိုအပေါက်များ ကြောင့်စိုက်ခင်းအတွင်းရေလျော့နည်း လာခြင်း များဖြစ်စေသည်။

## ဘက်စုံကာကွယ်နှိမ်နင်းရေးနည်းလမ်းများ

(၁) ဖောင်စီးဂဏန်းကျရောက်လေ့ ရှိသောနေရာများတွင် ကုန်းမြင့်ပိုင်းများ၌ ဘောင်ပျိုးထောင်ပြီး ပျိုးသက် (၃၅-၄၀) ရက်သားရှိမှ ရွှေ့ပြောင်းစိုက်ပျိုးပါ။

(၂)မြေပြင်ချိန်တွင်သဘာဝမြေဩဇာ နှင့် တမာကြိတ်ဖတ် (၁၀ပိဿာ/ဧက)ထည့်ပေးပါ။

(၃)စပါးစိုက်ချိန်အားသေချာချိန်၍စိုက်ပါ။ (ဖောင်စီးဂဏန်းတတ်ချိန်တွင်အပင်ကြီးရင့်နေစေရန်)

(၄)ကန်သင်းပေါ်ရှိဂဏန်းပေါက်များအားရွှံ့ဖြင့်ပိတ်ပါ။

(၅)မျိုးစေ့အားမစိုက်မီမျိုးစေ့လူးနယ်ဆေး(သိုင်ရာမီသိုဇမ် Thiamethoxam 35FS (သို့)အီမီဒါကလိုပရစ် 600FSS (သို့)တမာဆီ) ဖြင့် လူးနယ်ပါ။

(၆)စပါးပျိုးပင်လက်ဆများများစိုက်ပါ။

(၇)စပါးပင်ခြေရှိအကောင်ငယ်၊ အကောင်ကြီး များအား ကျားပိုက်ထောင်ဖမ်း၍ဖျက်ဆီးပါ။ လက်ဖြင့်ကောက်ယူဖယ်ရှားပါ။

(၈)မျှားစာအဆိပ်ချပါ။ (ကျိုပြီးဆန်ကွဲ(၁) ပြီနှင့်ထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေး (ဆိုင်ပါမီသရင် Cypermethrin (သို့)ပရိုဖီနိုဖော့စ် Profenofos (သို့)လန်မ်ဒါဆိုင်ဟေလိုသရင် Lambda- cyhalothrin)

ရော နယ်၍ဖောင်စီးဂဏန်းလာရာလမ်းတစ်လျှောက်များစာချပါ။

(၉)မန်ကျည်းစေ့များအား(၂၄)နာရီရေစိမ်ပြီးနောက်ဂဏန်းကျင်းတစ်ကျင်းအနီးတစ်ဝိုက်တွင်(၅-၆)စေ့ခန့်အားချထားပါ။ (ထိုမန်ကျည်းစေ့များအားဂဏန်းများစားပြီးပါးစပ်အတွင်းတစ်ဆို့၍(၁-၂)ရက် အတွင်း သေဆုံးမည်ဖြစ်သည်။)

(၁၀)ပါရာသီရွှန် Parathion (0.5%) အားဆန်ဆေးရည်ဖြင့်ရော၍ဂဏန်းကျင်းတစ်ကျင်းလျှင်(၈၀-၁၀၀) လီတာနှုန်း ထည့်ပေးပါ။

(၁၁) ပိုတက်ရှ်မြေသြဇာ တစ်ကေလျှင် (၁/၄)အိတ်ထည့်သွင်းပါ။

(၁၂) ရေထုတ်ပေါက်များတွင် ဆန်ကာများကာရန်ထားခြင်းဖြင့် အခြားဒေသမှ ဂဏန်းများ လယ်ကွက်အတွင်း မဝင်နိုင်သည့်အပြင် ရေလျှော့ချချိန်တွင် ရေထုတ်ပေါက်၌ စုဝေးလာသော ဂဏန်းများအား ကောက်ယူဖျက်ဆီးပါ။

အထက်ပါဘက်စုံကာကွယ်နှိမ်နင်း နည်းလမ်းများအပြင် လူအင်အားဖြင့် ဖမ်းဆီး ကောက်ယူ ဖယ် ရှားခြင်းသည် တောင်သူများ တစ်ညီတညွတ်တည်း လုပ်ဆောင်ပါက အလွန် အကျိုးရှိသော နည်းလမ်း ဖြစ်ပါ သည်။